※ ဤအကြောင်းကြားစာသည် ○○○○ခုနှစ်○○လ○○ရက်ဖြင့် ကျွန်ုပ်တို့ဘဏ်အကောင့်ကို အသုံးပြုသော သုံးစွဲသူများထံသို့ပေးပို့ခြင်းဖြစ်ပါသည်။
ကျွန်ုပ်တို့ဘဏ်အကောင့်အား အသုံးပြုခြင်းမရှိတော့ပါက ဤအကြောင်းကြားစာအတွက် ဖြေကြားရန် မလိုအပ်တော့ပါ။

○○○○ခုနှစ်○○လ○○ရက်

Japan Post Bank, Co., Ltd.

# ရောင်းဝယ်ဖောက်ကားခြင်းရည်ရွယ်ချက်အတည်ပြုရန်တောင်းဆိုခြင်း

မိတ်ဆွေ၏လုပ်ငန်းဆောင်တာများစဉ်ဆက်မပြတ်တိုးတက်နေသည့်အတွက်ဝမ်းသာပီတိဖြစ်မိပါသည်။

စာတိုက်ဘဏ်နှင့်စာတိုက်အားအသုံးပြုသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

မကြာသေးမီနှစ်များတွင် နိုင်ငံတကာလူမှုဝန်းကျင်၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ရန်ပုံငွေပေးခြင်းများကို ကာကွယ်ပေးရန် အလွန်အရေးကြီးလာ လျက်ရှိပါသည်။ ထို့အတွက် ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးအဖွဲ့အစည်းအသီးသီးသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်ပြီး အမျိုးမျိုးသောစီမံချက်များ ဆောင်ရွက်ကာ ခိုင်မာအားကောင်းသော ဘဏ္ဍာရေးစနစ်အဖြစ်ထိန်းထားနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ယင်းကြိုးပမ်းမှုများထဲမှတစ်ခုအနေဖြင့် ကျွန်ုပ်တို့ ဘဏ်တွင်လည်း ရောင်းဝယ်ဖောက်ကားမှုပြုမည့် သုံးစွဲသူအသစ်များအပြင် ရောင်းဝယ်ဖောက်ကားမှုပြုနေပြီးသားဖြစ်သော သုံးစွဲသူများနှင့်ပတ်သက်၍လည်း ဤစာအပြင် ကောင်တာ၌ဆွေးနွေးပြောဆိုခြင်းတို့ဖြင့် သုံးစွဲသူနှင့်သက်ဆိုင်သောသတင်းအချက်အလက်နှင့် ရောင်းဝယ်ဖောက်ကား ခြင်းရည်ရွယ်ချက်စသည်တို့ကို အဆက်မပြတ် ပုံမှန်အတည်ပြုစစ်ဆေးသည့် ဆောင်ရွက်မှုများကို အစီအစဉ်အလိုက် လုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆင်မပြေမှုအတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။ သုံးစွဲသူမှကိုင်ဆောင်ထားသော ဖော်ပြပါဘဏ်အကောင့်နှင့်စပ်လျဉ်းပြီး ဤသတင်း အချက်အလက် များကို အတည်ပြုလိုသောကြောင့် အောက်ပါနည်းလမ်းများဖြင့် ကျေးဇူးပြု၍ ဖြေကြားပေးပါရန် တောင်းဆိုအပ်ပါသည်။

| | |
|---|---|
| သတ်မှတ်ဘဏ်အကောင့်၏ကုတ်နံပါတ်<br>(ပုံမှန်(ငွေစုခြင်း)စုငွေအကောင့် သို့မဟုတ် ငွေပေးချေမှုအတွက်ငွေစုဘဏ်စာရင်း) | ＊＊＊＊＊－＊＊＊＊○○○○<br>(နောက်ဆုံးဂဏန်း 4 လုံးကိုသာဖော်ပြသည်) |
| ဖြေဆိုရန်ကာလ | ○○○○**ခုနှစ်** ○○**လ** ○○**ရက်** |

ကျွန်ုပ်တို့ဘဏ်တွင် သုံးစွဲသူ၏ အရေးပါလှသောပိုင်ဆိုင်မှုအရင်းအမြစ်များအပ်နှံမှုကိုဆက်တိုက်လက်ခံပေးလျက်ရှိပြီး လုံခြုံစိတ်ချစွာဖြင့် ရောင်းဝယ် ဖောက်ကားမှုဆက်လက်လုပ်ဆောင်သွားစေလိုပါသည်။ ထို့သို့ဖြစ်စေရန်အလို့ငှာ အရေးပါလှသောကြိုးပမ်းမှုဖြစ်သည့်အတွက်ကြောင့် နားလည်မှုရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုပေးပါရန် တောင်းဆိုအပ်ပါသည်။

တဖန် ဖြေဆိုမှုအကြောင်းအရာနှင့်ပတ်သက်ပြီး နောက်ရက်တွင်အတည်ပြုစစ်ဆေးခြင်းကိုပြုလုပ်သွားပါမည်။ ကြိုတင်သတိပြုပါ။

**ဆုမွန်ကောင်းတောင်းလျှက်**

ဖြေဆိုမှုနည်းလမ်း-----------------------------------------------------------------------------------------------

စမတ်ဖုန်း သို့မဟုတ် ကွန်ပျူတာဖြင့် ကျွန်ုပ်တို့ဘဏ်ဝက်ဘ်ဆိုဒ် (အောက်တွင်) → "သုံးစွဲသူအချက်အလက်များဖြည့်စွက်ရန်တောင်းဆိုခြင်း" စာမျက်နှာ※ တွင်ဖော်ပြထားသောလင့်ခ်မှတဆင့် "စာတိုက်ဘဏ် သုံးစွဲသူအချက်အလက်ဖော်ပြချက်ဆိုဒ်"သို့ ဝင်ရောက်ပြီး သတ်မှတ်မေးခွန်း အသီးသီးကို ဖြေဆိုပေးပါ။

Log in ဝင်ရန်သုံးသည့် ID နှင့် Password တို့သည် အောက်ပါအတိုင်းဖြစ်သည်။

(ညာဘက်တွင်ဖော်ပြထားသော QR ကုဒ်ကိုစမတ်ဖုန်းဖြင့်ဖတ်ယူပါက ID နှင့် Password တို့ဖြည့်သွင်းရမည့်အဆင့်ကို ကျော်လွှားနိုင်ပြီး တိုက်ရိုက် Log in ဝင်နိုင်မည်ဖြစ်သည်။)

[ID] ************

[Password] ************

※(URL) https://www.jp-bank.japanpost.jp/honnin/hn_zct.html

(လုံခြုံမှုအတွက် အကြောင်းအရာအချို့ကို လျှို့ဝှက်စနစ်သို့ပြောင်းလဲထားပါသည်။)

※ စမတ်ဖုန်းမရှိသည့်အခါတွင် သို့မဟုတ် အခြားအခြေအနေများကြောင့် စမတ်ဖုန်းဖြင့်ဖြေဆိုရန်အခက်အခဲရှိသောအခါတွင် အဖြေလွှာ စာရွက်ပေးပို့ပေးမည်ဖြစ်သည့်အတွက် အောက်ပါစုံစမ်းရန်နေရာသို့ ဆက်သွယ်ပေးပါရန်တောင်းခံအပ်ပါသည်။

◇ အတည်ပြုစစ်ဆေးမည့်အကြောင်းအရာများသည် ရောင်းဝယ်ဖောက်ကားမှုစတင်လုပ်ဆောင်မည့်သူအသစ်များအားလုံးကို မေးမြန်းသည့်အရာများနှင့် အတူတူပင်ဖြစ်သည်။

◇ မေးခွန်းခေါင်းစဉ်များတွင် သုံးစွဲသူ၏ "တာဝန်ထမ်းဆောင်သည့်ရုံး၊ တက်ရောက်သည့်ကျောင်းစသည်" "တစ်နှစ်ဝင်ငွေစသည်" တို့နှင့် ပတ်သက်သည့် ခေါင်းစဉ်များလည်းပါရှိပြီး ဖြေဆိုရလွယ်ကူသည့်ဘောင်ထဲမှ ဖြေဆိုပေးမည်ဟု ယူဆပါသည်။

◇ ဂျပန်ဘာသာစကားမဟုတ်သည့်ဘာသာစကားများဖြင့်ဖော်ပြထားသောလမ်းညွှန်ချက်ကို ကျွန်ုပ်တို့ဘဏ်ဝက်ဘ်ဆိုက် (အထက်ပါ URL)တွင် အတည်ပြုနိုင်ပါသည်။

| စုံစမ်းရန် | |
|---|---|
| | စာတိုက်ဘဏ်ကုမ္ပဏီလီမိတက် ညှိသည်များသတင်းအချက်အလက်ထိန်းသိမ်းရေးဌာန |
| | Tel 0120-340-004 |
| | < လက်ခံချိန် > ရုံးဖွင့်ရက် 9:00 ~ 19:00 |
| | စနေ၊တနင်္ဂနွေ၊ရုံးပိတ်ရက် 9:00 ~ 17:00 |
| | (12လ 31ရက် ~ 1လ 3ရက်တွင် အသုံးမပြုနိုင်ပါ။) |